

Increíble bien filmada!

[http://www.flixxy.com/bear-animal-nature-film.htm](http://www.flixxy.com/bear-animal-nature-film.htm)

ဤလင့်ကိုကလစ်ပြီးဗွီဒီယိုကိုကြည့်ပါ။

# သတ္တလောက သဘာဝ

ဝက်ဝံသားကလေးဝေးဝေးသွား
သူ့အမေအပါးမှစွန့်ခွာသွား
အစာထွက်ရှာစား
အနီးနားမှကျားဆိုးကြီး
စားရက်ကြံပြီး
သူ့အနီးနားသို့ချဉ်းကပ်သွား
ဝက်ဝံလေးက အလွန်ပါး
တအားမနှေး အတင်းပြေး
ကျားကြီးကလဲ ချမ်းသာမပေး
ဝက်ဝံလေးနောက် တကောက်ကောက်
တောက်လျှောက်မငိုက် အတင်းလိုက်
မောဟိုက်နေလဲ ပြေးရဆဲ
ဖွဲ့သာအားကိုး သူ့အဖြစ်ဆိုး
ရှေ့တိုးစရာမရှိတော့ပါ
နောက်မှာကျားမိုက် ကပ်၍လိုက်
ထိုအခိုက်သစ်ခွ ကျုး၍ကျ
အောက်ကရေအစီး အလွန်းကြီး
လိုက်ပြီးသူ့ခမျာ မျော၍ပါ
ကျားမှာအားမလျှော့ ဆက်လိုက်ပေါ့
တကျော့တနည်း တွေ့ပြန်ပြီး
ဆုံဆည်းတိုက်ခိုက် ပြန်လန်ကိုက်
ထိုအကြိုက်ဝယ် ဝက်ဝံအမေကြီးမယ်
ဝင့်ထယ်ပေါ်ပေါက် သူတို့နားရောက်
ကြောက်ရပါတဲ့ ကျားဆိုးကြီး
အမြီးကုတ်ပြေး ဝေးဝေးဝေး။
ချမ်းအေးသွားတဲ့ သားအမိ
ပျော်လိုက်ပါဘိ ပျော်ပါဘိ။

**ကိုကိုအောင်(ဆန်ဖရန်စစ္စကို)၇-၉-၀၉**